**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊လုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/ NM/ ၀၁၂/၂၀၂၂
ရက်စွဲ၊၂၀၂၂ခုနှစ်၊ မတ်လ ၂၀ ရက်

အကြောင်းအရာ။ **ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်ကိစ္စ။**

ရည် ညွှန်း ချက် ။ (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂၀-၃-၂၀၂၂)ရက်စွဲပါ စာအမှတ်၊ပဆ-(၂)/မလ(DMH)ထွေ(၃/၁၇၇)

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၁၉-၃-၂၀၂၂)ရက်စွဲပါစာအမှတ်၊ SSE/NM/၀၁၁/၂၀၂၂

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍(၁၉-၃-၂၀၂၂)ရက်နေ့၊ မြန်မာစံတော်ချိန် (၁၂:၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)၏ အရှိန်ကြောင့် (၁၉-၃-၂၀၂၂)ရက်နေ့၊ နေ့လည်မှ (၂၂-၃-၂၀၂၂)ရက်နေ့အတွင်း မိုးရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း ရည်ညွှန်းချက်(၂)ပါ စာဖြင့် ထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းအခြေအနေသည် (၂၀-၃-၂၀၂၂)ရက်နေ့၊ မြန်မာစံတော်ချိန်(၀၇:၀၀)နာရီအချိန် တိုင်းထွာချက်များအရ အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) ပိုမိုအားကောင်းလာပြီး မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက်(၁၂) နာရီအတွင်း ကပ္ပလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့အနီးတွင် မုန်တိုင်းငယ်(Depression) အဖြစ်သို့လည်းကောင်း၊ နောက် (၃၆)နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့လည်းကောင်း အားကောင်းလာနိုင်သည်ဟု ခန့်မှန်းထားပြီး၊ မုန်တိုင်းငယ်အဖြစ် ရောက်ရှိပြီးနောက် (၂၁-၃-၂၀၂၂)ရက်နေ့၊ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ၊ ကိုကိုးကျွန်း အနီးသို့လည်းကောင်း၊ (၂၁-၃-၂၀၂၂)ရက်နေ့၊ ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းအနီးသို့လည်းကောင်း၊ (၂၂-၃-၂၀၂၂)ရက်နေ့၌ ရခိုင်ကမ်းရိုးတန်းသို့ လည်းကောင်းရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပါသဖြင့် (၂၁-၃-၂၀၂၂)ရက်နေ့မှ (၂၂-၃-၂၀၂၂)ရက်နေ့အတွင်း အဆိုပါမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်နေစဉ်အချိန်တွင် ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊

ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများနှင့်စက်တပ်သမ္ဗာန်များယာယီရပ်ဆိုင်းထားရန်နှင့် ကမ်းဝေးရောက်ရှိနေသော ရေယာဉ်များအနေဖြင့်လည်း အနီးဆုံးမုန်တိုင်းခိုလှုံရာနေရာများသို့ သွားရောက်ခိုလှုံ၍ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)